# ဇကာင်နီးတအောင်း

TA'ANG YOUTH

အမှတ် ( ၅ )	နိုဝင်ဘာလ၊ ၂၀၁၀

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး


တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးသည် ငြိမ်းချမ်းရေး တရားမျှတရေးနှင့် တန်းတူညီမျှရေး ကိုတန်းဖိုးထားသည်။


## မာတိကာ

**တိုင်းရင်းသားသတင်း**

ရှမ်းပြည်နယ်အတွင်းရွေးကောက်ပွဲ သတင်းများစာမျက်နှာ ( ၂ မှ ၁၀ ထိ )

ပလောင် ပုံပြင်

စာမျက်နှာ ( ၁၁ )

**စစ်ဦးစီးချုပ် – ဗိုလ်မှူးကြီး – တားညီလုံ၏တော်လှန်ရေးသက်တမ်းအတွင်းပါဝင်လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်မှတ်တမ်း။**

စာမျက်နှာ ( ၁၂ )

**"လည်ချောင်းနာခြင်း"**

စာမျက်နှာ ( ၁၅ )

**ကဗျာများ**

**တအာင်းဟူသည်မှာ**

စာမျက်နှာ ( ၁၇ )


## သတင်း

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသတွင်TNPမှ ပြိုင်ဘက်မရှိ အနိုင်ရ

သောကြာနေ့ ၅ ရက် နိုဝင်ဘာလ၊ ၂၀၁၀

၂၀၀၈ဖွဲ့ စည်းပုံအခြေခံဥပဒေအရ တအာင်း(ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် မန်တုံမြို့နယ်တွင် မဲဆန္ဒနယ်မြေနှင့် မဲရုံများထားရှိရန် မလိုအပ်တော့ဘဲ တအာင်းအမျိုးသားပါတီ TNP မှ နမ့်ဆန်မြို့ ပြည်သူ့ လွှတ်တော် ဦးထွန်းကျော်နှင့် မန်တုံမြို့ ပြည်သူ့ လွှတ်တော် ဦးအိုက်မုန်း ပြိုင်ဘက်မရှိ အလိုအလျောက်နေရာရထား ကြောင်း အမည်မဖေါ်လိုသူ TNP အဖွဲ့ ဝင်တစ်ဦးကအတည်ပြု ပြောဆိုသည်။

" ဟုတ်ပါတယ် နမ့်ဆန်မြို့နဲ့ မန်တုံမြို့မှာလာမယ့် ၇ ရက်နေ့ရွေးကောက်ပွဲတွင် မဲရုံကိုသွားရောက် ဆန္ဒမဲပေးတာမျိုး မလိုတော့ပါဘူး အလိုလိုရင်း TNP ပါတီက ပြည်နယ်လွှတ်တော်နဲ့ ပြည်သူ့ လွှတ်တော်နှစ်ခု စလုံးနေရာရတာဖြစ်တယ် ဘာကြောင့်လဲဆိုတော့ နမ့်ဆန်မြို့နှင့် မန်တုံမြို့ထဲ ဝင်ရောက်အရွေးခံမယ့် အခြားပါတီတွေမရှိတဲ့အတွက် မဲရုံတည်ဆောက် စရာတောင်မလိုတော့ဘဲ TNP ကသာ အလိုအလျောက် ကိုယ် စားလှယ်နေရာရရှိတာဖြစ်တယ်" ဟုသူကပြောသည်။

တအာင်း(ပလောင်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော နမ့်ဆန်မြို့နယ်နှင့် မန်တုံမြို့နယ်တွင် ပြည်သူ့ လွှတ်တော် ဦးထွန်းကျော် နှင့် ဦးအိုက်မုန်းဖြစ်ပြီး ပြည်နယ်လွှတ်တော်မှာ ဦးအုန်းခိုင် ၊ ဦးမောင်ကျော် ၊ ဦးမိုင်းအုန်းခိုင်နှင့် ဦးတာစိုင်းခေါင်တို့ ဖြစ်သည်။

အဆိုပါ မဲရုံများထားရှိရန်မလိုတော့ဘဲ ပြိုင်ဘက်မရှိ TNP ပါတီမှ အလိုလျောက် အနိုင်ရခြင်းနှင့်ပါတ်သတ်၍ ဒေသခံ တစ်ဦးက **"ရွေးကောက်ပွဲကျင်းပမယ်ဆိုတာ ၂၀၁၀ နှစ်ဦးပိုင်းကတည်းကလူတွေပြောနေကြတယ်လေ ဒါပေမဲ့ ရွေးကောက်ပွဲလည်းရောက်ရော အခုလိုမဲတောင်ပေးစရာမလိုတော့ဘူဆိုတော့ ဒါလည်းတစ်ခုကောင်း သွားတာပေါ့ ပြီးခဲ့တဲ့ လူထုဆန္ဒခံယူပွဲတုန်းကလို အလုပ်မပြုတ်တော့ဘူးပေါ့"** ဟုပြောဆိုသွားသည်။


**စာမျက်နှာ ၁၁ သို့**

## သတင်း

### နမ့်ခမ်းမြို့နယ် ဝန်ထမ်းများကြိုတင်မဲစတင်ကောက်ခံ

အင်္ဂါနေ့ ၂ ရက် နိုဝင်ဘာလ ၂၀၁၀

ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တဝိုက်ရှိ အစိုးရဝန်ထမ်းများ ဆရာဆရာမများအားလုံးကို ကြိုတင်မဲများ စတင်ကောက်ခံနေပြီဖြစ်ကြောင်း သိရှိရပါသည်။

နမ့်ခမ်းမြို့နယ်တဝိုက်ရှိ အစိုးရဝန်ထမ်းများသည် (အောက်တိုဘာလ ၂ရက်) ယနေ့မနက်ပိုင်းတွင် ကြိုတင်မဲများစတင်ပေးနေကြရပါသည်။

နယ်မြေခံရွာသားတစ်ဦးမှ အစိုးရဝန်ထမ်းတွေအားလုံး သည်နေ့ ကြိုတင်မဲတွေစထည့်ရပြီး ရွေးကောက်ပွဲရက်ကျလျှင်လည်း မဲရုံသို့သွားရောက်ကာ နောက်ထပ်တစ်ပြန်လည်ထည့်ရအုံးမည်ဟု ပြောပြခဲ့ပါသည်။

**"ဒီနေ့တော့ ဝန်ထမ်းများအားလုံး ကြိုတင်မဲပုံစံတွေဖြည့်ပြီးသွားထည့်ရတယ်.. ဒါပေမဲ့ နောက်တခါ မဲရုံမှာ မဲပြန်ထည့်ရအုံးမယ်လို့လည်းပြောသေးတယ်ဘယ်နေ့လဲဆိုတာတော့ ကျနော်တို့လည်းမသိဘူး… အခုလေးတင်ဘဲ ကျောင်းဆရာမတစ်ယောက်က ကျနော့်ကို မဲပုံစံလာပေးပြီး ဘယ်မှာသွားထည့်ရမယ်လို့ လာမေးတယ် ကျနော် မဲထည့်ရမဲ့စာရင်းတွေ အားလုံးရွာဥက္ကဌအိမ်မှာ ရှိတယ်လို့ဘဲ ပြောလိုက်တယ်. အခုလေးတင်ဘဲ အဲ့ဆရာမ ထွက်သွားတယ်"**

အစိုးရဝန်ထမ်းများ၊ ကျောင်းဆရာ ဆရာမများအား ကြိုတင်မဲ ပေးရခြင်းမှာ လာမည့်နိုဝင်ဘာလ ၇-ရက်နေ့တွင် ပြုလုပ်သွားမည့် ရွေးကောက်ပွဲတွင် အဆိုပါအစိုးရဝန်ထမ်းများ ဆရာဆရာမများမှ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြင့် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်သောကြောင့်ဟု သိရှိရပါသည်။မဲထည့်ရမည့်ပုံစံနှင့် ပတ်သက်၍ ရွာသားများမှ ရှင်းရှင်းလင်းလင်း မသိရှိကြရပေ။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

### TNP မှထုတ်ဝေသော မဲပြားနမူနာကို USDP က လိုက်သိမ်း

ကြာသပတေးနေ့ ၄ ရက် နိုဝင်ဘာလ ၂၀၁၀

တအာင်း(ပလောင်)အမျိုးသားပါတီ TNP မှ စည်းရုံးရေးဆင်းရာမှာ ထုတ်ဝေဖြန့်ချီထားသော TNP မဲပြားနမူနာပုံစံနှင့် မဲရုံးတွင် သုံးမည့် မဲပုံ နမူနာပုံစံစာရွက်များကို USDP စည်းရုံးရေးမှူး ဦးယိုင်ထွန်း နှင့်အဖွဲ့များက လိုက်လံသိမ်းဆည်းနေကြောင်းသိရသည်။

ကြံ့ဖွံ့ ပါတီ စည်းရုံးရေးမှူးအဖွဲ့များက စည်းရုံးရေးဆင်းရာမှ ၄င်း မဲပြားပုံစံနှင့် မဲပုံနမူနာစာရွက်ကို လိုက်လံသိမ်းဆည်းတာဖြစ်ပြီး ကိုင်ဆောင်သူ ဒေသခံများက ပြန်တောင်းယူသော်လည်း မရဟုTNP အဖွဲ့ဝင်တစ်ဦးကအခုလိုပြောပြသည်။

**"မဲပေးတဲ့အခါမှာအဆင်ပြေအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ TNP ရဲ့မဲပြားပုံစံနဲ့ မဲပုံနမူနာပုံစံတွေကို စာရွက်နဲ့ထုတ်ပြီး ပန်ကူကျေးရွာတို့ မန်မောဝ်ကျေးရွာတိုစသည့်ရွာတော်တော်များများ ဖြန့်ဝေတာဖြစ်တယ် သို့သော် အောက်တိုဘာ ၁၇ ရက်နေ့မှာ ရွာသားတစ်ဦးက ကွတ်ခိုင်မြို့TNPရုံးကိုရောက်လာတယ် မဲပြားနမူနာစာရွက်တွေ ထပ်ပေးပါအုံးဆိုပြီး လာတောင်တယ်သူကိုမေးကြည့်လိုက်တော့"**

**" မနေ့က ကြံ့ဖွံ့ ဦးယိုင်ထွန်းတို့အဖွဲ့ကရွာကိုရောက်လာပြီး အဲဒီစာရွက်တွေကိုခဏကြည့်မယ်လို့ပြောပြီးပြန်တောင်းလို့ လည်းမရတော့ဘူး အကုန်လုံးကိုလိုက်သိမ်းပြီးကြံ့ဖွံ့ ပါတီကိုမဲထည့်ရမယ်လို့လည်းပြောသွားတယ်"** ဟု အဆိုပါ TNP အဖွဲ့ဝင် တစ်ဦးကပြောသည်။

တအာင်းအမျိုးသားပါတီမှ ထုတ်ဝေဖြန့်ချီလိုက်သော မဲပြားနှင့် မဲပုံနမူနာစာရွက်ကို လိုက်လံသိမ်းဆည်းသွားပြီဟု ရွာသားပြောပြရာမှ TNP ၏ သက်ဆိုင်ရာ တာဝန်ရှိသူက ၄င်းတို့ထံသွားရောက်ပြန်လည်တောင်းယူကာ အဘယ်ကြောင့် သိမ်းဆည်းသည်ဟုမေးမြန်းသော်လည်းအဖြေမရခဲ့ကြောင်းသိရသည်။

ကြံ့ဖွံ့ ပါတီး စည်းရုံးရေးမှူးဖြစ်သူ ဦးယိုင်ထွန်းနှင့် အဖွဲ့သည် အမြို့လိုပင်တအာင်း(ပလောင်) ကျေးရွာများသွားရောက်ကာ တအာင်းအမျိုးသားပါတီကို ပုပ်ခတ်ပြောဆိုလေ့ရှိပြီး ကြံ့ဖွံ့ပါတီကိုသာ မဲပေးရမည်ဟုစည်းရုံးပြောဆိုကြောင်း ရပ်ကွက်ရွာသားများ ကဆိုသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

## ပြိုင်ဘက်များကို ငွေပေးရှင်းလင်းကာ လူထုအတွင်း မက်လုံးပေးစည်းရုံးမှုများပြုလုပ်

သောကြာနေ့ ၅ ရက် နိုဝင်ဘာလ၊ ၂၀၁၀

နမ့်ခမ်းမြို့နယ်ရှိကြံ့ခိုင်ရေးပါတီကိုယ်စလှယ်လောင်း ဦးကျော်မြင့်သည် မိမိပြိုင်ဘက်များကိုငွေကြေးပေးဖယ်ရှားပစ်ကာပြည် သူလူထုအတွင်း မက်လုံပေးပြီးစည်းရုံးမှုများပြုလုပ်နေသည် ဟု သိရှိရပါသည်။

ဦးကျော်မြင်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဖြစ်ပြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းမဲဆန္ဒနယ်မြေအမှတ်(၂)တွင်ဝင်ရောက်ယှဉ်ပြိုင်သူဖြစ်ပါသည်ဦးကျော်မြင့်သည် ၄င်း၏ပြိုင်ဘက်ဖြစ်သည့်ကြံ့ခိုင်ရေးပါတီဝင်သာဖြစ်ပြီးအမှတ်(၂)မဲဆန္ဒနယ်မြေပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြင့်ဝင်ရောက်ယှဉ်ပြိုင်သူ ဦးထွန်းအောင်ကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန်အတွက်ငွေအမြောက်အများပေးသည့်အပြင်ရန်ကုန်တွင်တိုက်ခန်းတစ်ခန်းကိုလည်းဝယ်ပေးခဲ့ကြောင်းသိရှိရပါသည်။

**"ဦးကျော်မြင့်ကငွေအင်အားလူအင်အားတတ်နိုင်တဲ့သူမဟုတ်လား။ပြီးတော့သူတို့တစ်ပါတီထဲဖြစ်တဲ့သူ့ရဲ့ပြိုင်ဘက်ဦးထွန်းအောင်ကိုဝင်မပြိုင်ဖို့စည်းရုံးတယ်။ပြီးတော့ဦးထွန်းအောင်ကိုငွေတွေပေးတယ်။ပြီးတော့သူ့ကိုရန်ကုန်မှာတိုက်ခန်းတစ်ခန်းထပ်ဝယ်ပေးတယ်။ဦးထွန်းအောင်ကငွေရထားတော့စည်းရုံးရေးဆင်းတာလဲမတွေ့ ဘူး။ ဦးကျော်မြင့်ကတော့သူနဲ့သူ့လူတွေအတွက်စည်းရုံးရေးဆင်းတာအများကြီးပဲ"**ဦးကျော်မြင့်သည်ပလောင်ဒေသစည်းရုံးရေးခရီးစဉ်အတွင်း၄င်းရောက်သည့်ကျေးရွာတိုင်းတွင်ရွာသူရွာသားများအား ကျွေးမွေးဧည့်ခံပွဲများပြုလုပ်ပေးသည့်အပြင်မရှိဆင်းရဲသားများကိုလည်းငွေကြေးများထပ်မံပေးကမ်းခဲ့သည်ဟုသိရှိရပါသည်။ ထို့ပြင်၄င်းကိုမဲပေးမည်ဆိုပါကကျေးရွာအတွင်း လိုအပ်သည့်လမ်းများဖောက်လုပ်ပေးမည်ဖြစ်ပြီးရေအားလျှပ်စစ်များနှင့် သောက်သုံးရေများ အဆင်ပြေစေရန်အတွက် စီစဉ်ဆောင်ရွက်ပေးမည်ဟု ပြောကြားသွားကြောင်း ဒေသခံတစ်ဦးမှ ပြောပြခဲ့ပါသည်။

**"ဦးကျော်မြင့်လေပလောင်ကျေးရွာတွေကိုစည်းရုံးရေးဆင်းတဲ့အခါတိုင်းမှာကျေးရွာအတွက်လိုအပ်မယ့်ရေအားလျှပ်စစ်လုပ်ပေးမယ်။ လမ်းတွေဖောက်ပေးမယ်။ သောက်သုံးရေအတွက်အဆင်ပြေအောင် စီစဉ်ပေးမယ်လို့ကတိပေးတယ်။ ပြီးတော့ ရောက်တဲ့ရွာတိုင်းမှာ ပြည်သူလူထုတွေကိုကျွေးမွေးတယ်။ပြီးတော့ မရှိဆင်းရဲသားတွေကိုလည်း ငွေတွေပေးကမ်းတယ်"**

ထို့ပြင် သူ့အတွက် စည်းရုံးရေးဆင်းပေးသည့် သူများအတွက် တစ်ယောက်လျှင် ငွေ(၅)သိန်းကျပ်ပေးကြောင်း သိရပါသည်။ ဦးကျော်မြင့်သည်စည်းရုံးရေးခရီးစဉ်အတွင်းလုံခြုံရေးကိုအ ကြောင်းပြကာ ၄င်း၏ပြည်သူ့စစ်တပ်ဖွဲ့ကိုလက်နက်အပြည့်အစုံတပ်ဆင်ပေးပြီး စည်းရုံးဆင်းခိုင်း ကြောင်းသိရှိရပါသည်။

**"သူကပိုက်ဆံတတ်နိုင်သူဆိုတော့သူ့အတွက်စည်းရုံးရေးဆင်းပေးတဲ့ သူတစ်ယောက်ကို ကျပ်၅သိန်းတောင်ပေးတယ်။သူကပန်းဆေးပြည်သူ့စစ်ခေါင်းဆောင်မဟုတ်လား။သူ့ပြည်သူ့စစ်ထဲမှာသူ့တပည့်တွေအများကြီးရှိတယ်။သူ့ရဲ့တပည့်တွေကိုစည်းရုံးရေးတွေဆင်းခိုင်းတယ်။စည်းရုံးရေးဆင်းတဲ့အချိန်မှာသေနတ်တွေဆင်ပေးတယ်။သေနတ်တွေတကားကားနဲ့လူထုကြားမှာစည်းရုံးရေးဆင်းတော့လူတွေကသေနတ်တွေ့တော့မကြောက်တာပေါ့"**

ဦးကျော်မြင့်စည်းရုံးရေးဆင်းသည့်အခါတွင်ရှမ်းကျေးရွာများကို စည်းရုံးရေးမဆင်းဘဲပလောင်ကျေးရွာများကိုသာဦးတည်ပြီး စည်းရုံးရေးဆင်းသည်ဟုသိရှိရပါသည်။

"ဦးကျော်မြင့်ကတော့စည်းရုံးရေးဆင်းတာ ရှမ်းနယ်မြေဆိုရင်သူလုံးဝမဆင်းဘူး။ဘာ ဖြစ်လဲဆိုတော့ရှမ်းပါတီတွေက

အင်အားများတယ်။ ပြီးတော့ သူ့ရှမ်းနယ်မြေသိပ်ပြီး မပိုင်ဘူး။ အဓိကသူဆင်းတာပလောင်ဒေသတွေအဓိကဖြစ်တယ်၊ဘာဖြစ်လဲဆို တော့တအာင်းအမျိုးသားပါတီတွေက အင်အားနည်းတယ်။ ပြီးတော့ ပလောင်ဒေ သဆိုရင်များသောအားဖြင့် သူပိုင်တယ်။

ဦးကျော်မြင့်သည် ပန်ဆေးတွင်နေထိုင်ကာ တရုတ် ဗမာလူမျိုး တစ်ဦးဖြစ်ပြီး မြန်မာပြည်အလယ်တန်းကျောင်း (၇) တန်းသာရှိ သေးသူဖြစ်ပါသည်။ ရှမ်းပြည်တခွင်တွင် ဘိန်းစိုက်၊ ဘိန်းရောင်း သည့်နေရာတွင် နာမည်ကြီးသူ တစ်ဦးလည်းဖြစ်ပါ သည်။ **ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

## ကြံ့ခိုင်ပါတီမှပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း တအာင်း(ပလောင်)အမျိုးသားပါတီကိုယ်စား လှယ်လောင်းအား ခြိမ်းခြောက်မှု ပြုလုပ်

သောကြာနေ့ ၅ ရက် နိုဝင်ဘာလ ၂၀၁၀

ဦးတီခွန်မြတ်သည်ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ် ခရိုင်ကွတ်ခိုင် မြို့ နယ်မဲဆန္ဒနယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပြီး တအာင်း(ပလောင်) အမျိုးသားပါတီပြည်သူ့လွှတ်တော်ကိုယ် စားလှယ်ဦးအိုက်ဆန် ကိုမဲဆွယ်စည်းရုံးသည့်အချိန်တွင်အမျိုး မျိုးလိုက်လံနှောင့်ယှက် ခြိမ်းခြောက်နေပါသည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ နေ့လယ် (၁)နာရီအ ချိန်တွင် ဦးတီခွန်မြတ်အမိန့်ဖြင့်ကာလန်ပြည်သူ့စစ်စ ခန်းမှူးဦး ဝင်းမြင့်မှ ဦးဆောင်သောလက်နက်အပြည့်အစုံပြည်သူ့ စစ်တပ် ဖွဲ့၅ဦးသို့ ရောက်လာပြီးဟိုနောင်အုပ်စု ပန်လောကျေးရွာ တွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် စည်းရုံးရေးဆင်းနေ သောတအာင်း (ပလောင်)အမျိုးသားပါတီပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းဦးအိုက်ဆန်ဦးဆောင်သောအဖွဲ့တို့အား စည်းရုံးရေးဆက်လက်မပြုလုပ်ဘဲ ဤနေရာမှ နောက်ကြောင်း ပြန်လှည့်သွားရန် လက်နက်ဖြင့် ခြိမ်းခြောက်ပြီးအတင်းအစမ္မ ပြန်လှည့်ခိုင်းခဲ့ပါသည်။

၂၀၁၀ခုနှစ်၊ စက်တင်ဘာလ၊ ၂၈ ရက်နေ့ တအာင်း (ပလောင်) အမျိုးသားပါတီမှ အမျိုးသားကိုယ်စားလှယ်လောင်း ဦးကျော် အေးနှင့်ပြည်သူ့ကိုယ်စားလှယ်လောင်းဦးအိုက်ဆန်တို့ ဦးဆောင် သောအဖွဲ့ဝင် (၅) ဦးတို့သည် မြို့နယ်ကောင်မရှင်အဖွဲ့ ခွဲ၏ခွင့် ပြုချက်ဖြင့်နာချန်ကျေးရွာအုပ်စုမန်တုံပလောင်ကျေးရွာ ရောက် ရှိစဉ် ဦးတီခွန်မြတ်၏အမိန့်ဖြင့် နမ့်ပါမုံးပြည်သူ့စစ်စခန်း မှူး ဦး ကိုဂျွန်းမှမန်တုံဥက္ကဌထံ ၂၇ ရက်၊ ၁၀၊ ၂၀၁၀ ရက်နေ့ဖြင့် ကြို ုတင်စာရေးပြီးပလောင်ပါတီတို့အားစည်းရုံးခွင့်မပြုလုပ်ပေး ရန် ပြုလုပ်ခွင့်ပေးပါကဥက္ကဌ၏ကျေးရွာတို့ကိုအရေးယူမည်ဟု ုခြိမ်းခြောက်ခဲ့သည်။

၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ၊ ၃၀ရက်နေ့မွန်းလွဲ(၄) နာရီအချိန်တွင် တအာင်း (ပလောင်)အမျိုးသားပါတီအမျိုးသား ကိုယ်စား လှယ်လောင်း ဦးကျော်အေးနှင့်ပြည်သူ့ကိုယ်စားလှယ် လောင်း ဦးအိုက်ဆန်တို့ ဦးဆောင်သော အဖွဲ့ဝင်(၅)ဦးတို့သည် မြို့နယ် ကောင်မရှင်အဖွဲ့ခွဲ၏ခွင့်ပြုချက်ဖြင့်ဟိုနောင်ကျေးရွာ အုပ်စုလွှမ်ကျော့ဘုရားကို လမ်းကြုံသဖြင့်ဝင်ရောက်ဘုရားဖူး စဉ်ဦးတီခွန်မြတ်စေလွှတ်လာသေဦးကူးအုဲ့ပါအဖွဲ့ဝင်၃ဦးပြည်သူ့စစ်တပ် ဖွဲ့ရောက်လာပြီးစည်းရုံးရေးဆက်လက်မပြုလုပ်ရန်ဤနေရာ မှ ပြန်လှည့်ရန်ခြိမ်းခြောက်ခဲ့ပြန်သည်။

အထက်ပါကိုယ်ထိလက်ရောက်ဟန့်တားခြိမ်းခြောက် မှုအပြင် တအာင်း(ပလောင်) အမျိုးသားပါတီမှ ဖြန့်ဝေသော ပါတီရေးရာ သဘောထား စာရွက်စာတမ်းနှင့် ပါတီအမှတ်တံ ဆိပ် အလံများကို လိုက်လံသိမ်းယူဖျက်ဆီးခဲ့ သည်။ တအာင်း (ပလောင်) မိဘပြည်သူများကိုလည်း ပလောင်ပါတီထဲမဝင်ရန်နှင့် ပလောင်ပါတီကိုမဲမထည့်ရန် နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်နေ လျက် ရှိသည်။ အကယ်၍ ပလောင်ပါတီဝင်ဖြစ်ပါက မန်တုံ၊ နမ့်ဆန်ဒေသတို့ သွားရောက်နေထိုင်ရန်၊ မောင်းထုတ်ခံရမည် ဖြစ်ကြောင်း၊ မိမိပိုင်ဆိုင်သောပစ္စည်းများကိုလည်းအသိမ်းခံရ မည်ဖြစ်ကြောင်းစသည်ဖြင့် ဥပဒေနှင့် မလျော်ကန်သော လုပ်ရပ်များပြုလုပ်လျက်ရှိပါသည်။

ဦးတီးခွန်မြတ်သည် ခရစ်ယာန်ဘာသာဝင် ကချင်

(မရှ) လူမျိုးဖြစ်ပြီး ကွတ်ခိုင်မြို့နယ်ဌာန ပြည်သူ့စစ်တပ်ဖွဲ့ကို ခေါင်းဆောင် အဖြစ် တာဝန်ယူထားသောပုဂ္ဂိုလ်လည်းဖြစ်သည်။

ဦးတီခွန်မြတ်သည်ဥပဒေဘွဲ့ ရရှိသူဖြစ်ပြီး ယခင်က ရှေ့နေရုံးချုပ် ညွှန်ကြားရေးမှူး (အငြိမ်းစား)အဖြစ် လုပ်ကိုင်ခဲ့ဖူးသော်လည်း (၁၉၈၈) အထွေထွေသပိတ်တွင် ကွတ်ခိုင်မြို့နယ်သပိတ်ကော်မတီကို ဦးဆောင်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရသည်။ မြန်မာ့တပ်မတော်မှ အာဏာသိမ်းပြီးနောက်တွင် (KIA) တပ်ဖွဲ့ထဲသို့ ဝင်ရောက်ရန်ကြိုးစားနေချိန် မုံးကိုးပေါင်ဆိုင် သကဆဖ ခေါင်းဆောင် ကချင်အမျိုးသားဦးခေါင်ဇယ်က ဦးတီခွန်မြတ်ကို တားဆီးပြီး ငွေသိန်း(၃၀)ထုတ်ပေးကာ အရှေ့မြောက်တိုင်းစစ် ဌာနချုပ်တိုင်မှူးထံ သွားရောက် တောင်းပန်စေပြီး မိမိသည် နိုင်ငံတော်ထံ အကြွင်းမဲ့ သစ္စာခံပါမည် ကြောင်း တိုင်းမှူးကို လာဒ်ထိုးပြီးကတိပေးခဲ့သည်။ကတိပေးထားသည့်အတိုင်း ကွတ်ခိုင်မြို့ကို ပြန်လာပြီး (၁၉၈၉) မှစ၍ ပြည်သူ့စစ် အထူးတပ်ဖွဲ့ဖွဲ့ပြီး ပြည်သူ့စစ်တပ်ဖွဲ့ခေါင်းဆောင် ယူခဲ့ရာတွင် ယခုတိုင်တွေ့ မြင်နေရသည်။ ပြည်သူ့စစ်ခေါင်း ဆောင် ယူထားစဉ် တစ်လျှောက်လုံး နိုင်ငံတော်အကြီးအကဲထံ မျက်နှာချိုအမျိုးမျိုးသွေးပြီး နာမည်ကောင်းရရှိအောင် ဒေသခံပြည်သူများအပေါ်တွင် အမျိုးအမျိုး အကြံထုတ်ခဲ့သူဖြစ်သည်။

အထူးသဖြင့် တအာင်း(ပလောင်)လူမျိုးများအပေါ် ကောင်းကျိုးတစ်စုံတစ်ခုမှလုပ်ဆောင်ပေးခြင်းမတွေ့ရချေ။ ကွတ်ခိုင်မြို့ နယ်တွင် တအာင်း (ပလောင်)လူမျိုး၏ လူဦးရေသည် ကွတ်ခိုင်မြို့နယ် လူဦးရေ၏ ၄၅ရာခိုင်နှုန်း လောက်ရှိသော်လည်း ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးလူမျိုးဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ဦးတီခွန်မြတ်ဦးဆောင်သော ပြည်သူ့စစ်တပ်ဖွဲ့ထဲတွင် လက်အောက် ငယ်သားများ ခိုင်းကျကောင်းသော တပ်ဖွဲ့တပ်သားများသည်အများအားဖြင့် တအာင်း (ပလောင်) လူမျိုးသာတွေ့ရှိရသည်။ တပ်ခွဲမှူး၊ စခန်းမှူးများ စီးပွားရေး တာဝန်ခံများနေရာတွင် ကချင်လူမျိုးများသာ နေရာယူထားကြောင်းတွေ့ရှိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှကိုယ်စားလှယ်လောင်းအဖြစ် မဲဆွယ်စည်းရုံးရာမှာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စာရင်းထဲမှာ ပလောင်ရွာတစ်ရွာမှ ပါဝင်လုပ်ကိုင်ခြင်း မရှိပါ။ ဖေါ်ပြပါဒေသဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်ပေးသော ကချင်ကျေးရွာများကိုလည်း အများအားဖြင့် (NGO) မှ ပံ့ပိုးသောငွေကြေးဖြင့် လုပ်ဆောင်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများ သာတွေ့ ရသည်။ ကွတ်ခိုင်မြို့နယ် ကားလမ်းအနောက်ခြမ်းရှိ အိမ်ခြေ (၅၀) အထက် မူလတန်းကျောင်းမရှိသော ပလောင်ကျေးရွာများ မှာ နာချမ်အုပ်စုမှ၊ မန်တုံရွာ၊ နောင် တွက်ရွာ၊ ဟိုမိန်းရွာ၊ ဟိုနောင်အုပ်စုမှ လုံလိန်းရွာ၊ နမ့်ရွက်ရွာ၊ ဖယိုင်အုပ်စုမှ မန်မိုင်ရွာ၊ နမ့်ခုမ်းရွာ၊ ပိန်းဟွယ်ရွာ၊ လွယ်လယ်ရွာနှင့်မန်ဂျက်အုပ်စုမှ ခိုကင်းရွာတို့ဖြစ်ပါသည်။ ကွတ်ခိုင်မြို့နယ်ကားလမ်းအရှေ့ခြမ်း၊ တာမိုးညဲမြို့နယ်ခွဲဒေသရှိ ပလောင်ကျေးရွာ၏ ၇၀ ရာခိုင်နှုန်းနီးပါး စာသင်ကျောင်းမရှိကြချေ။ ဒေသဖွံ့ဖြိုးမှု အဓိကဆုံး ဒေသလည်းဖြစ်သည်။

ယခင် မုံးကိုးဒေသကို တရုတ်ဟန်ဝင်းစေလွှတ် ဟန်ဝင်းစေလွှတ်ပြီး ကိုးကန့်တပ်ဖွဲ့ (ငြိမ်းချမ်းရေးအဖွဲ့) MDA မဆလ နှင့် လီရမင်တို့ နှင့် ပူးပေါင်းကာ ဘိန်းဖြူနှင့် ယာမခေါ် စိတ်ကြွဆေးပြားထုတ်လုပ်ရောင်းချခဲ့သည်။ ယခုအခါ ဘိန်းခင်းအခွန် အပေါ် အစွန်းအစများကောက်ခံကာ ကိုယ်ကျိုးစီးပွားရေး လုပ်ကိုင်စားသောက်သော ပုဂ္ဂိုလ်ဖြစ်သည်။

ဥပဒေဘွဲ့ရထားသူ ဦးတီခွန်မြတ် (BA- Law) LL.B) သည် ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ထားသော ပါတီနိုင်ငံရေးဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေများ၊ လွှတ်တော်များဆိုင်ရာဥပဒေနည်းဥပဒေများ၏ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို မသိနားမလည်၍ သော်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပြီး နှံ့စပ်အောင် မဖတ်ကြသော်လည်းကောင်း၊ ဤကဲ့သို့ ဥပဒေပညာရှင် တစ်ဦးဖြစ်ပြီး ဥပဒေကို မလေးစားဘဲ ဥပဒေနှင့် မညီညွတ်သော လုပ်ရပ်များကိုလုပ်ဆောင်နေခြင်းကြောင့် ကွတ်ခိုင်မြို့နယ်သား မဲဆန္ဒပေးသူ ပြည်သူတစ်ဦးအနေဖြင့် ဝမ်းနည်းမိပါကြောင်းရေးသားလိုက်ရသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

### ရွေးကောက်ပွဲဆန့်ကျင်ရေးလှုပ်ရှားမှုနမ့်ခမ်းမှာဖြစ်ပွား

စနေနေ့ ၆ ရက် နိုဝင်ဘာလ ၂၀၁၀

စစ်အစိုးရပြုလုပ်မဲ့၂၀၁၀ ရွေးကောက်ပွဲကိုဆန့်ကျင်ကန့်ကွက် ရန်တိုက်သွန်း လှုံ့ဆော်သည့် စာရွက်စာတမ်းများ ရှမ်းပြည် မြောက်ပိုင်းနမ့်ခမ်းမြို့နယ်တွင် ယခုအောက်တိုဘာလ ၃ရက် နေ့က ဖြန့်ဝေသွားကြောင်းသိရသည်။၂၀၁၀ ရွေးကောက် ပွဲကို ဆန့်ကျင်ရန်တိုက်သွန်းပေးသောစာရွက်စာတမ်းများကို ဖတ်ရသော်လည်းမည်သည့်ပုဂ္ဂိုလ်နှင့်အဖွဲ့ အစည်းမှလာ ရောက်ဖြန့်ဝေသွားသည်ကို အတိအကျမသိကြောင်း ဒေသခံတစ်ဦးက အခုလိုပြောတယ်။

**“နိုဝင်ဘာ ၃ ရက်နေ့ညပိုင်း လောက်ထင်ရတယ်။ ၄–၅ လက်မ လောက်ရှိတဲ့ အဖြူ ရောင်စာရွက်ပေါ် အပြာရောင်ဘောပင်နဲ့ “ရွေးကောက်ပွဲ ဥပဒေ အရ မဲမပေးဘဲနေပိုင်ခွင့်ရှိတယ်” “ စစ်အာဏာရှင်ပြုတ်ကျဖို့ မတရား နည်းမျိုးစုံဖြင့် မဲထည့်ခိုင်းခြင်းကိုကန့်ကွက်ကြစို့” ဟု လက်ရေးနဲ့ ရေးသားထားတဲ့စာတမ်းတွေပါတယ်”**

**“မိန်းလမ်းမတစ်လျှောက် အဲ့ဒီကျားဖြူ ခမ်းမနားထိပြီးတော့ အဲ့ ဒီကျားဖြူပါတီနားမှာလည်း ဖြန့်သွားသေးတယ် ဘယ်သူ ဘယ် ဝါ ဘယ်အဖွဲ့အစည်း ဖြန့်ဝေတယ်ဆိုတာ ကျတော် လည်း မသိ ဘူး”**ဟုအဆိုပါစာတမ်းဖတ်ရသောဒေသခံတစ်ဦးကပြောသည် ၃ရက်နေ့တွင်ဖြန့်ဝေသွားတာဖြစ်ပြီး ၄ ရက်နေ့မနက်တွင် နမ့် ခမ်းမြို့မှ ရဲ၊ စစ်သားနှင့် စသည့်လုံခြုံရေးများအား နမ့်ခမ်းမြို့မ ထဲထိလိုက်လံစစ်ဆေးပြီးသက်ဆိုင်ရာစည်ပင်အဖွဲ့များက ၄င်းစာရွကစာတမ်းများကိုလိုက်လံသိမ်းဆည်းကြောင်းသိရ သည်။

**“စစ်အစိုးရ ကျင်းပပေးမည့် ၂၀၁၀ ရွေးကောက်ပွဲကိုဆန့်ကျင် သော စာရွက်စာတမ်းတွေဖြန့်ဝေသည့် လှုပ်ရှားမှုသည် နမ့်ခမ်း မြို့တွင် ပထမဦးဆုံးကြားရခြင်းတာဖြစ်သည် ယခင်တွင် မူဆယ် မြို့နယ်အတွင်း ၄င်းလှုပ်ရှားမှုမျိုးရှိသော်လည်း နမ့်ခမ်းမြို့ တွင်မရှိချေ။ ရွေးကောက်ပွဲ နီးလာတာနှင့် အမျှ ရွေးကောက်ပွဲကို ဆန့်ကျင်သော အဖွဲ့အစည်းများကလှုပ်ရှားမှုများလာ နေ ကြောင်းဖြစ်သည် ”** ဟု ဒေသခံပြည်သူများက ပြောဆိုသည်။

နမ့်ခမ်းမြို့တွင် မဲဆန္ဒနယ်မြေနှစ်ခုအတွက်ကျားဖြူပါတီ ၊ ကြံ့ ဖွတ်ပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီနှင့် တအာင်း (ပ လောင်)အမျိုးသားပါတီတို့ဝင်ရောက်အရွေးခံသည် ဖြစ်ကြောင်း သိရသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

### မဲရုံမှူးများမှ ကိုယ်စားပြုမဲထည့်ပေး

တနင်္ဂနွေနေ့ ၇ ရက် နိုင်ငံဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာရှိ မဲရုံတွင် မဲရုံမှူးများမှဒေသခံအသက်ကြီးသူများနှင့် စာမဖတ်တတ်သူများအတွက် ကိုယ်စားပြုမဲထည့်ပေးနေ ကြောင်းသိရသည်။

၄င်းဒေသခံအသက် (၆၀)ရှိ အဖွားတစ်ယောက်မှ ပြောပြရာတွင် “အဖွားကတော့ စာမဖတ်တတ်သည့်အတွက် ပလောင်ပါတီကို မဲထည့်ပေးပါလို့ မဲရုံအဖွဲ့တွေကို ပြောလိုက်တယ်။ သူတို့က ဘယ်ပါတီမဲထည့်တယ်ဆိုတာ စာရွက်မပြတော့ဘူး ဒီတိုင်းပဲ ထည့် ပေးလိုက်တယ်”ဟု ပြောပြသည်။

ထို့အတူ အခြားအသက်ကြီးသေခံများလည်း ထိုနည်းတူ မဲရုံ ကော်မရှင်များက ကိုယ်စားမဲပေးနေကြသူအများအပြားရှိသည်ဟု သူက ဆက်ပြောသည်။ ဖာလင်ရွာတွင် ကြံ့ဖွံ့ပါတီ ကျားဖြူပါတီ တစည နှင့် TNPတို့မှ ဝင်ရောက် မဲယှဉ်ပြိုင်နေကြောင်း သိရှိရပါသည်။

အခြားကျေးရွာတွင်လည်း အလားတူပင် ကိုယ်စားမဲပေးနိုင်ကြ သည် ထို့အပြင် USDP ပါတီကပလောင်ဒေသခံတစ်ဦးအား အား ကျပ်ငွေ ၅သိန်းပေးပြီး မဲပေါင်း (၁၀၀၀) ဝယ်ပေးရန်အ တွက်ငွေပေးထားပြီး ဒေသခံတစ်ဦးလျှင် ကျပ်ငွေ ၅၀၀၀ ပေးပြီး ကြံ့ဖွံ့ပါတီကို မဲထည့်ပါဟုစည်းရုံးခိုင်းကြောင်းသိရသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

### ကြံ့ဖွံ့ပါတီမှပိုက်ဆံပေးပြီးမဲဝယ်နေ

တနင်္ဂနွေနေ့ ၇ ရက် နိုင်ငံဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်အောင် ကျေးရွာနှင့် ဖာလင်ကျေးရွာတို့တွင် ကြံ့ဖွံ့ပါတီမှ ဒေသခံများအား ပိုက်ဆံပေး ပြီးမဲလိုက်ဝယ်နေကြောင်းဒေသခံများ၏ပြောပြချက် အရသိရှိရပါသည်။

နမ့်ခမ်းမြို့နယ်တွင် မဲဝင်ပြိုင်သည့်ပါတီများမှာ ကြံ့ဖွံ့ ပါတီ ကျား ဖြူပါ တီ ၊ တအာင်း(ပလောင်)အမျိုးသားပါတီနှင့် တစည ပါတီ တို့ ဖြစ်ကြသည်။ ၄င်း(၄)ပါတီထဲမှ ကြံ့ဖွံ့ပါတီသည် မန်အောင် ကျေးရွာရှိ ဒေသခံ ပြည်သူ များအား တစ်ဦး လျှင်ပိုက်ဆံ ကျပ်(၁၀၀၀၀)တစ်သောင်းပေးပြီးမဲလိုက်ဝယ်ရာတွင် ယခုလူ (၅)ဦး အားပိုက်ဆံပေးမဲဝယ်ပြီးကြောင်း သိရှိရပါသည်။

ထို့အတူ ဖာလင်ကျေးရွာတွင်လည်း ကြံ့ဖွံ့ပါတီမှ ပလောင်ဒေသ ခံတစ်ဦးအား ပိုက်ဆံကျပ်(၅၀၀၀၀၀)ငါးသိန်း ပေးထားပြီး မဲပေါင်း (၁၀၀)ရအောင်မဲဝယ်ခိုင်းရာတွင် ထိုပလောင် ဒေသခံ တစ်ဦးသည်လည်း ၊ပိုက်ဆံကျပ် (၅၀၀၀)ငါးထောင်ပေးပြီး မဲ လိုက်ဝယ်ကြောင်း ဒေသခံများတစ်ဦး၏ ပြောပြချက်အရ သိရှိ ရပါသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

### မဲမပေးချင်လည်း နေလို့မရ

တနင်္ဂနွေနေ့ ၇ ရက် နိုင်ငံဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ဖာလင် ကျေးရွာမှဒေသခံများသည် ရွေးကောက်ပွဲစည်းကမ်းအ ရမဲပေး ချင်သောဆန္ဒမရှိပါက မဲမပေးပဲနေနိုင်ခြင်း အခွင့်အရေး မရှိကြောင်းသိရသည်။ ထို့အပြင် ပြစ်မှုနှင့် အကျဉ်းကျခံနေသော အကျဉ်းသားများကိုယ်စားပါကိုယ်စားမဲထည့်ပေးရခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအခန်း(၄) ဆန္ဒမဲ ပေး ပိုင်ခွင့်ရှိသူများ ပုဒ်မ ၇ (ခ) ထောင်ဒဏ်ကျခံနေရသူ များ ရွေး ကောက်ပွဲတွင်ဆန္ဒမဲပေးပိုင်ခွင့်မရှိစေရဟုရေးထားပြီး သော်လည်း ၄င်းဒေသတွင်ပြစ်မှုနှင့်အကျဉ်းကျနေ သောအကျဉ်းသားများအတွက် နိုဝင်ဘာ ၆ ရက်နေ့ တွင်မှာ လည်းကိုယ်စားပြုကြိုတင်မဲထည့် ခိုင်းခြင်းပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် ရက်ပိုင်းတွင် မဲလက်မှတ်များကိုကျေးရွာ ဥက္ကဌအ ဖွဲ့ မှဦးဆောင်ပြီးဒေသခံများထံ လိုက်ဝေခဲ့ပါတယ်။ ရွေးကောက်ပွဲ စည်းကမ်းချက်အရဆိုရင်မဲမထည့်ချင်ရင် နေလို့ ရတယ် လို့ ကြားရတယ်၊ ဒါပေမဲ့ဖာလင်ကျေးရွာမှာတော့မဲထည့် နိုင်သူများ အားလုံး မဲမထည့်မနေရဖြစ်သည်” ဟု ဒေသခံရွာ သား တစ် ယောက်ကပြောခဲ့ပါသည်။

ဖာလင်ကျေးရွာမှာ လာရောက်အရွေးခံမည့် ပါတီ များကတော့ တအာင်း (ပလောင်) အမျိုးသားပါတီ၊ ကြံ့ခိုင်ရေးပါ တီ၊ တိုင်း ရင်းသားစည်းလုံးညီညွတ်ရေးပါတီ နှင့် ကျားဖြူပါတီ များ ဖြစ် ကြပါသည်။ ၄င်းပါတီများ ၄ ခုသည် တအာင်းအမျိုး သားပါတီ က မဲအများဆုံးရနိုင်သည့်အခြေအနေရှိကြောင်းသိရ သည်။

တအာင်းလူမျိုးဖြစ်သည့် ရွာသားတစ်ယောက်က လေးပါတီ ထဲကဘယ်သူ့ကို မဲပေးချင်လည်းမေးမြန်းခဲ့သည်မှာ **“ကျ တော် ကတအာင်းလူမျိုးကိုပဲချစ်တယ်။ တအာင်း အမျိုးသား ပါတီ လက်ဖက်ရွက်ပဲမဲပေးမယ်။ တခြားပါတီတွေ မဲပေးရင်တော့ တ အာင် းလူမျိုးတွေမှကိုယ်စားမှမပြုတာ။ တအာင်းပါတီကိုမဲပေး ရင် ကျတော်တို့နယ်မြေလည်းရမယ်။ ကျတော်တို့တအာင်း ပါ တီက တအာင်းလူမျိုးတိုးတက်ဖို့အ တွက် လုပ်သွားနိုင်မယ်လို့ ယုံကြည်တယ်”** ဟုသူကပြောသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

### မဲလက်မှတ်အရေ(၅၀၀)လျို့ဝှက်သိမ်းဆည်းနေ

တနင်္လာနေ့ ၈ ရက် နိုဝင်ဘာလ ၂၀၁၀

ရှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာနှင့် မိုင်းပူးကျေးရွာတွင် တအာင်း အမျိုးသားပါတီ “TNP” ၊ “USDP”ပါတီ၊ “တစည”ပါတီ နှင့် “ကျားဖြူ” ပါတီတို့ဝင်ရောက်ယှဉ် ပြိုင်ရာမှာ “USDP” ပါတီစည်းရုံးရေး

မျိုးတစ်ဦး ဖြစ်သော ပန်းဆေး ဦးကျော်မြင့်က မဲလက်မှတ် အရေအတွက် (၅၀၀) လျှို့ဝှက်သိမ်းဆည်းထား ကြောင်း အမည်မဖော်လိုသူတစ်ဦး ထံသိရသည်။

ထို့အပြင် ပန်းဆေး ဦးကျော်မြင့်သည် ရွေးကောက်ပွဲ စည်းကမ်းချက်အရ အသက်မပြည့်သေးသောကလေးများကို မဲထည့် ပိုင်ခွင့်မရှိဟုဆိုထား သော်လည်း ၄င်းက ထည့်ခိုင်းသည်၊ ဒါ့အပြင် မဲဆန္ဒရှင်တစ်ဦးလျှင် မဲတစ်ခါမက သုံးလေးခါ ထည့်ခိုင်းသည်ဟု အဆိုပါ အမည်မဖော်လိုသူက အခုလိုပြောသည်။

**"မနေ့က မဲပေးတဲ့အချိန်မှာ ပန်းဆေး ဦးကျော်မြင့်က အသက်မပြည့်သေးတဲ့သူတွေပါ မဲထည့်ခိုင်းတယ် မဲထည့် စာရင်းထဲမှာ မပါတဲ့သူတွေပေါ့ ပြီးတော့မှ လူတစ်ယောက်ကို မဲခဏခဏထည့်ခိုင်းတယ်"** ဟု သူကပြောပြသည်။

အသက်မပြည့်သေးသောသူများနှင့် အသက်ပြည့်ပြီးသောသူများကိုပါ ယခုလို ထပ်ခါထပ်ခါ မဲပေးနိုင်တာဟာ ၄င်းဦးကျော်မြင့် ဝှက်ထားသော မဲလက်မှတ် အရေအတွက်( ၅၀၀)တွင် သုံး၍ ပေးခိုင်းတာဖြစ်မည်ဟု မသင်္ကာသူများက ဝေဖန်ပြောဆိုသည်။

လက်ရှိအခြေအနေတွင် အဆိုပါ ဦးကျော်မြင့် လျှို့ဝှက်ထားသော မဲလက်မှတ် အရေအတွက်(၅၀၀)အား ကြံ့ဖွံ့ပါတီထဲ ရောက်မသွားအောင် တအာင်းအမျိုးပါတီ TNP နှင့် ကျားဖြူပါတီ က ၄င်းမဲပြားကိုလိုက်လံ စုံးစမ်းနေပြီး မဲထည့်၍ မရသေးသော ဒေသခံကို တွေ့ဆုံမည် မေးမြန်းမည်ဟု ပြောကြောင်း သိရသည်။

ဤပြဿနာကြောင့် တအာင်းအမျိုးသားပါတီ ၊ တစည ပါတီ နှင့် ကျားဖြူပါတီတို့က ၄င်းလျှို့ဝှက်ထားသော မဲလက်မှတ် အရေအတွက်(၅၀၀)ကို ပယ်မဲအဖြစ် လုပ်ဆောင်နိုင်ရန် ပူးပေါင်းတိုင်ပင်နေကြသည်ဟုသိရသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

## USDP ပါတီမှငွေပေးဝယ် မဲရည်တွက်တိုးနေ

တနင်္ဂနွေနေ့ ၇ ရက် နိုင်ဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်အောင် ကျေးရွာတွင် ကြံ့ဖွံ့ပါတီမှ ဒေသခံများထံ မဲရရှိရန်အတွက် တစ်ဦး လျှင် ငွေ(၁၀၀၀၀)တစ်သောင်းကျပ် ပေးဝယ်ရာမှာ ယနေ့ ညနေပိုင်း မဲပေးပြီးချိန်တွင် စုစုပေါင်း မဲရေ(၃၀၀)နှုန်းဖြင့် ၄င်းတို့ ဝယ်ယူရရှိနိုင်ကြောင်း မဲရုံမှူးတစ်ဦးက ပြောသည်။

**" ဒီညနေပိုင်း အားလုံးက မဲပေးပြီးသွားတဲ့နောက်ပိုင်း USDP ပါတီက (၁၀၀၀၀) တစ်သောင်းတိတိ ပေးဝယ်နေတဲ့ မဲရေက (၃၀၀)ရှိပါတယ် ဘာဖြစ်လို့ အဲလိုပြောနိုင်လဲဆိုတာ ရွာသားအများက TNP ပါတီကိုဘဲ မဲပေးချင်ကြတယ် TNP ပါတီရဲ့ တံဆိပ်ကိုဘဲ မဲပေးခြစ်ကြမယ်ဆိုတာ ယုံကြည်တယ်လေ ဒါပေမဲ့ အားလုံးမဲပေးပြီးသွားတဲ့အချိန်မှာ USDP က ငွေနဲ့ ဝယ်တဲ့ မဲရေ(၃၀၀)ရပြီးဖြစ်တယ်"** ဟုသူကပြောသည်။

နမ့်ခမ်းမြို့ နယ် မန်အောင်ကျေးရွာတွင် တအာင်းအမျိုးသားပါတီ၊ ကြားဖြူပါတီ **နှင့်** USDP ပါတီ နှင့် တစည ပါတီတို့ ဝင်ရောက် ယှဥ်ပြိုင်နေကြောင်းဖြစ်သည် ၄င်းရွေးကောက်ပွဲ ပါတီဝင် (၄ ) ပါတီများသည် USDP ပါတီက ငွေအရင်းအနှီးအားဖြင့် လည်းကောင်း လူအင်အားဖြင့် လည်းကောင်း ပိုမိုတောင့်တင်းကြောင်းဖြစ်သည်။

၄င်း USDP ပါတီသည် ငွေပေးမဲဝယ်နေခြင်းရှိသော်လည်း ကျန်ရှိပါတီများဖြစ်သော တအာင်းအမျိုးသားပါတီ၊ ကျားဖြူပါတီ ၊ တစည ပါတီနှင့် တအာင်းအမျိုးသားပါတီများက ငွေပေးမဲဝယ်ခြင်းမရှိဘဲ မဲဆန္ဒရှင် ပေးလိုသောပါတီတာ လွတ်လွတ်လပ် လပ်ပေးနိုင်ကြောင်းသိရသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

# ကြိုတင်မဲအပြိုင်ကောက်နေ

တနင်္ဂနွေနေ့ ၇ ရက် နိုဝင်ဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်ရှိရွေးကောက်ပွဲပါတီဝင်များဖြစ်သော ကျားဖြူပါတီကUSDPပါတီနှင့်တအာင်းအမျိုးသားပါတီတို့မှ နီးစပ်သည့် ကျေးရွာများတွင် အပြိုင်အဆိုင်ကြိုတင်မဲလိုက်လံ ကောက်ခံနေကြောင်းသိရသည်။

၄င်းတို့ ကြိုတင်မဲကောက်ခံရာတွင် အဓိကအသက်ကြီးသူများ၊ မသန်စွမ်းသူများနှင့် နီးစပ်သည့် မိတ်ဆွေများထံကောက်ခံနေကြောင်း သိရှိရပါသည်၊ တစ်ချို့ကျေးရွာများတွင်လျို့ဝှက်မဲမရှိသည့်အပြင် အိမ်ထောင်ဦးစီးတစ်ဦးက မိသားစုများ၏ကိုယ်စားမဲပေးနိုင် ကြသည်ဟု ဒေသခံတစ်ဦးကပြောသည်။

**“ကျတော်တို့က TNP ပါတီကိုဘဲ မဲပေးကြတယ် မဲပေးတဲ့နေရာကသိပ်တော့ထူးထူးခြားခြားမရှိဘူး သူတို့က လျို့ဝှက်မဲပေးခန်းတို့ဘာတို့မရှိဘူး စားပွဲပေါ်မှာ သူတို့နဲ့အတူတူထိုင် အတူတူပေးကြတာပါပဲနောက်ပြီးမိသားစုထဲကတယောက်ယောက်မအားဘူးဆိုရင် ဒါမှမဟုတ် ခရီးလွန်နေတဲ့သူအတွက်ပါ ကိုယ်စားမဲပေးလို့ရတယ်”** ဟု သူကပြောသည်။

နမ့်ခမ်းမြို့နယ်ရှိ ကျေးရွာများတွင် TNP ပါတီ / USDP ပါတီ နှင့် ကျားဖြူပါတီတို့မှ ကြိုတင်မဲကောက်ခံရာ မဲရရှိရေးအတွက် ပါတီအချင်းချင်းကြား ပြဿနာတက်နေသည်ဟုလည်း အဆိုပါ ဒေသခံတစ်ဦးပြောပြချက် အရသိရသည်။

၄င်းဒေသခံများက TNP ကိုမဲပေးရာမှာ လျို့ဝှက်မဲပေး စနစ်မဟုတ်သည့်အပြင် မိသားစုများ၏ ကိုယ်စားလည်း မဲပေးနိုင်ကြကြောင်း သိရသည် အလားတူ USDP ပါတီနှင့် ကျားဖြူပါတီတို့သည် မိမိတို့နီးစပ်ရာကျေးရွာတွင် လျို့ဝှက်မဲပေးနိုင်သည့်စနစ်မဟုတ်ဘဲ ကြိုတင်မဲကောက်ခံနေကြောင်းသိရှိရသည်။နမ့်ခမ်းမြို့နယ် TNP ပါတီကြိုတင်မဲ ကောက်ခံရာတွင် တစ်ရွာလျှင် ပြန်းမျှနှုန်း မဲရေ (၃၀၀) ကျော်ရရှိခဲ့ပြီ ဖြစ်ကြောင်းသိရှိရသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

# မူဆယ်မဲရုံမှူးများသည် ညဘက်အချိန်တွင် မဲများအသဲအသန်ပြင်နေ

တနင်္ဂနွေနေ့ ၇ ရက် နိုဝင်ဘာလ၊ ၂၀၁၀

မူဆယ်မြို့နယ်တွင် မဲရုံမှူးများနှင့် မဲရုံကော်မရှင်များသည် ပြည်သူလူထုများထည့်ထားပြီးသော မဲများကို ပြန်လည်ပြင် ဆင်နေသည်ဟု သိရှိရပါသည်။

ရှမ်းပြည်မြောက်ပိုင်း၊ မူဆယမြို့နယ်တွင် ၆ရက်နေ့နိုဝင်ဘာလ၊ ၂၀၁၀ခုနှစ် ည ၉ နာရီမှ ၁၀နာအထိ မဲရုံမှူးနှင့် မဲရုံကော်မရှင်များသည်ပြည်သူလူထုများထံကောက်ခံထားသောကြိုတင်မဲများအားလုံး ကို ပြန်လည်စစ်ဆေးပြီး အခြားပါတီအတွက် ထည့်ထားသည့်ထောက်ခံမဲများကိုကြံ့ခိုင်ရေးပါတီအတွက်ထောက်ခံသည့်မဲများဖြစ်အောင် ပြန်လည်ပြင်ဆင်နေသည်။ ထို့ပြင် မဲများကိုပြန်လည် ပြင်ဆင်နေသည့်အချိန်တွင် မဲရုံအနားတဝိုက်တွင် ရဲများကို လုံခြုံရေးအတွက် အပြည့်ချထားသည် ဟု မျက်မြင်သက်သေတစ်ဦးမှ ပြောပြခဲ့ပါသည်။

**“အခု ည ၉နာရီကနေ ၁၀နာရီလောက်အချိန်ဆိုရင် သတင်းက အရမ်းထူးခြားနေတယ်။ သေချာနားထောင်နော်။ အသံကျယ် ကျယ်လည်း ပြောလို့မရဘူး။ မူဆယ်မှာရှိတဲ့ မဲရုံးမှူးနှင့်ကော်မရှင်တွေက ကြိုတင်မဲတွေကို လိုက်ပြင်နေတယ်။ သူတို့ထည့် ချင်တဲ့သူတွေအတွက်ပဲ မဲတွေ ထည့်ထားတယ်။ ပြီးတော့အပြင်မှာလည်း ရဲကားတွေ လုံခြုံရေး အပြည့်ချထားတယ်။ သူတို့က နေ့ခင်းဆိုရင် မလုပ်ရဲဘူး။ မဲရုံနားက ဘယ်သူမှ သွားလာခွင့်မပြုဘူး။ သူတို့မဲပြန်ပြင်ထည့်တဲ့သူက ခြသေ်ာ်တံဆိပ်ပဲ များနေတယ်။ များသောအားဖြင့် မဲရုံတိုင်းက ဒီညသူတို့ အပြီးပြင်နေတယ်။ မနက်ဖြန်ဆိုရင် မဲကြေညာရမယ်ဆိုတော့ မနက်ဖြန်ဆိုရင်လည်း မဲတွေ လာပေးကြမယ်ဆိုတော့ မဲရုံ မှူးတွေ အလုပ်ရှုပ်နေတယ်”** မဲရုံအပြင်မှ စောင့်နေသူ တစ်ဦးက ပြောပြခဲ့ပါသည်။

ထို့ပြင် စာမတတ်သော မဲထည့်ပိုင်ခွင့်ရှိသူ သုံးဆယ်ကျော်အတွက်လည်း ဤနေ့တွင် မဲသွားထည့်စရာမလိုအပ်ဘဲ

မဲရုံမှူးက ကိုယ်တိုင် မနေ့ည မဲထည့်ပေးသည်ဟု သိရှိရပါသည်။

**“ ပြီးတော့လေ စာမတတ်တဲ့သူအတွက်လည်း မဲရုံမှူးတွေက ကိုယ်စားမဲတွေထည့်ပေးလိုက်တယ်။ အယောက် (၃၀)ကျော် လောက်ရှိမယ်။ ပြီးတော့ မနက်ဖြန်မနက်ဆိုရင် ဒီလူတွေ မဲသွားထည့်စရာမလိုတော့ဘူး”** ဟု ထပ်မံ ပြောခဲ့ပါသည်။

**ပလောင်အမျိုးသမီးအစည်းအရုံး**

## သတင်း

### ကြံ့ဖွံ့ပါတီမှပိုက်ဆံပေးပြီးမဲဝယ်နေ

တနင်္ဂနွေနေ့ ၇ ရက် နိုဝင်ဘာလ၊ ၂၀၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်အောင်ကျေးရွာနှင့် ဖာလင်ကျေးရွာတို့တွင် ကြံ့ဖွံ့ပါတီမှ ဒေသခံများအား ပိုက်ဆံပေးပြီး မဲလိုက်ဝယ်နေကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရှိရပါသည်။

နမ့်ခမ်းမြို့နယ်တွင် မဲဝင်ပြိုင်သည့်ပါတီများမှာ ကြံ့ဖွံ့ပါတီ ၊ ကျားဖြူပါတီ ၊ တအာင်း(ပလောင်)အမျိုးသားပါတီ နှင့် တစည ပါတီတို့ဖြစ်ကြသည်။

၄င်း (၄) ပါတီထဲမှ ကြံ့ဖွံ့ပါတီသည် မန်အောင်ကျေးရွာ ရှိ ဒေသခံပြည်သူများအားတစ်ဦးလျှင် ပိုက်ဆံကျပ် (၁၀၀၀၀) တစ်သောင်းပေးပြီး မဲလိုက်ဝယ်ရာတွင် ယခု လူ (၅)ဦးအား ပိုက်ဆံပေးမဲဝယ်ပြီးကြောင်း သိရှိရပါသည်။

ထို့အတူ ဖလင်ကျေးရွာတွင်လည်း ကြံ့ဖွံ့ပါတီမှ ပလောင်ဒေသခံတစ်ဦးအား ပိုက်ဆံကျပ်(၅၀၀၀၀) ငါးသိန်း ပေးထားပြီး မဲပေါင်း (၁၀၀) ရအောင် မဲဝယ်ခိုင်းရာတွင် ထိုပလောင်ဒေသခံတစ်ဦးသည်လည်း ပိုက်ဆံကျပ် (၅၀၀၀) ငါးထောင်ပေးပြီး မဲလိုက်ဝယ်နေကြောင်း ဒေသခံများတစ်ဦး၏ ပြောပြချက်အရသိရှိရပါသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**

## သတင်း

**စာမျက်နှာ ၁ မှ**

ထို့အပြင် နမ့်ဆန်မြို့နှင့် မန်တုံမြို့တွင် ပြည်သူ့လွှတ်တော် ၂ ဦးနှင့် ပြည်နယ်လွှတ်တော် ၄ ဦး ပြိုင်ဘက်မရှိ အလိုလျှောက် ကိုယ်စားလှယ်နေရာရသောကြောင့် နမ့်ဆန်မြို့နေ ကြံ့ဖွံ့ ပါတီအဖွဲ့ဝင် ဦးမောင်မောင်ဆွေ တစ်ဦးအပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်နေရာရနေခြင်းဖြစ်ကြောင်း သိရသည်။

ဦးတီခွန်မြတ်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပြီး တအာင်း(ပလောင်) အမျိုးသားပါတီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ဆန်ကို မဲဆွယ်စည်းရုံးသည့်အချိန်တွင် အမျိုးမျိုး လိုက်လံနှောင့်ယှက် ခြိမ်းခြောက်နေပါသည်။

**တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး**



## ဆောင်းပါး

# "အိုးယိုတယ် "

ရှေးအခါက ပလောင်စကားမတတ်သော မြန်မာကုန်သည် တယောက်နှင့် မြန်မာစကား မတတ်သော ဟူးမိုင်းပလောင်ကုန်သည်တယောက်သည် အတူတူတကွ ပူးပေါင်း၍ ခြေဟန်လက်ဟန်ဖြင့် ပြပြီး ပလောင်ကျေးရွာများသို့ ကုန်ရောင်းသွားကြလေသည်။

ထိုကဲ့သို့ သွားကြယင်း လမ်းခရီး၌ သားရဲတိရစ္ဆာန်ပေါများ သောစခန်းတခုသို့ ရောက်သွားကြရာ ခရီးဆက်ရန်အချိန်လည်းမရှိသဖြင့် ထိုနေရာ၌ပင် စခန်းချ၍ ချက်ပြုတ်စားသောက်ကြရန် ခြေဟန်လက်ဟန်ဖြင့် ပြောဆိုကြပြီး နှစ်ဦး သဘောတူ နားကြလေသည်။

ချက်ပြုတ်ရေး၌ တာဝန်ကို တဦးစီခွဲယူ၏။ ဟူးမိုင်းပလောင်ရေခပ်သွားသည်ဆိုလျှင် မြန်မာက မီးမွှေးလေသည်။ ဟူးမိုင်းပလောင်က ဆန်ဆေး၍ မြန်မာက ထမင်းအိုးကိုတည်လေသည်။

ထမင်းအိုး မီးဖိုပေါ်သို့ တည်လိုက်သောအခါ အိုးကအပေါက်ဖြစ်နေ၍ ရေများယိုကျကုန်သည်။ မီးမှာလည်း ငြိမ်းသွားလေသည်။ ဤအခါ မြန်မာက ဟူမိုင်းပလောင် အမျိုးသားအား "အိုးယိုတယ်"ဟု ပြောလေသည်။ အိုးယိုတယ်ဆိုသည်မှာ မြန်မာစကားအားဖြင့် အိုးမှာ အပေါက်ရှိ၍ ယိုသည်ဟု အဓိပ္ပါယ်ရသော်လည်း ဟူးမိုင်းပလောင်စကားဖြင့်ဆိုလျှင် "ငါကြောက်တယ်"ဟု အဓိပ္ပါယ်ရလေသည်။

ဤကဲ့သို့ မြန်မာက "အိုးယိုတယ်"ဟု ပြောသောအခါ ဟူးမိုင်းပလောင်မှာ "ငါကြောက်တယ်"ဟု ပြောသည်ထင်ပြီး မျက်လုံးပြူးမျက်ဆန်ပြူးနှင့် တောပတ်ဝန်းကျင်ကိုကြည့်နေလေရာ မြန်မာက စိတ်တိုလာပြီး "အိုးယိုတယ်"ဟု ထပ်အော်ပြောပြန်လေသည်။

ထိုအခါ ဟူးမိုင်းပလောင်အမျိုးသားသည် ပို၍ ကြောက်လာပြီး ဟူးမိုင်းပလောင်စကားဖြင့် "အိုးမယို ၊မိုင်မယို ၊အိုင်ဒေါင်" (ကျွန်တော်လဲကြောက်၊ ခင်ဗျားလဲကြောက်၊ တို့ နှစ်ယောက် ပြေးရအောင်)ဟုပြောပြီး ခြေဦးတည့်ရာသို့ပြေးလေတော့သည်။

ဟူးမိုင်းပလောင်ပြေးသောအခါ မြန်မာလည်း သားရဲတိရစ္ဆာန်များလာ၍ ဟူးမိုင်းပလောင်ပြေသည်ဟု ယူဆပြီး အိုးခွက်ပန်းကန်များနှင့် ကုန်များကိုပင် မယူနိုင်တော့ဘဲ ဟူးမိုင်းပလောင်ပြေးရာ နောက်သို့ လိုက်ပြေး လေတော့သတည်း။

ပြည်ထောင်စု အမျိုးသားများ၏

ပုံပြင်များ

**အမှတ်စဉ် ( ၁၃ )**

# ဆောင်းပါး

## စစ်ဦးစီးချုပ် – ဗိုလ်မှူးကြီး –တားညီလုံ၏တော်လှန်ရေးသက်တမ်းအတွင်းပါဝင်လုပ်ဆောင်ခဲ့သောလုပ်ငန်းစဉ်မှတ်တမ်း။

## စက်တင်ဘာလ အဆက်

၁၉၇၉–ခုနှစ်၊ ဇန္နဝါရီလ၊ ၁၂ရက်နေ့ နံနက် ၀၉း၄၅ အချိန်တွင် ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီး ခွန်သောင်းသည် (၉၆)ပါးသောရောဂါကြောင့် မိုင်းမော်ဒေသ၊ ဆိုင်းခေါင်တောင်(မန်စန်း) တရုတ်ရွာ တွင် သွားရောက်၍ ၁၄ ရက်နေ့ မီးသင်္ဂြိုလ်ပြီး အရိုးပြာကိုစုဆောင်းကာ ၁၆ ရက်နေ့ ဟိုမိန်းရောက်၊ ၁၇ ရက်နေ့ လွယ်ဝိန်းတောင်တွင် သွားရောက်ဂူသွင်းခဲ့သည်။ ၂၀၊ ၁၊ ၇၆ ရက်နေ့ဟိုမိန်းရွာတွင် ပလောင် ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ ဗဟိုကော်မတီကို ပြန်လည်ဖွဲ့စည်းရာတွင်၁။ဗိုလ်မှူးသန်းဝင်း –ဥက္ကဋ္ဌ၊၂။ ဦးအုန်းခိုင် –အထွေထွေအတွင်းရေးမှူး၊ ၃။ ဗိုလ်ကြီးကျော်လှ ၄။ ဗိုလ်ကြီး အိုက်မုန်း၊ ၅။ ဗိုလ်ညီလုံ၊ ၆။ ဗိုလ်အိုက်လိတ် အဖွဲ့ဝင်ဖြင့် ဖွဲ့စည်းထားသော်လည်း၊ **အသက်မရှိသော ဗဟိုကော်မတီသာဖြစ်ခဲ့သည်။**



ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် တပ်ခွဲ (၁) လူအင်အားပြည့်တင်းရေးနှင့် ပြောက်ကျားတပ်ဖွဲ့(၁၀)စိပ်ဖွဲ့စည်းရန် သင်တန်း ဆင်းပွဲပြုလုပ်ခဲ့သည်။ မိမိတို့ဖွဲ့စည်းသော မန်နိမ့်ကြီး **(LGF)**တပ်စု နှင့် မန်ပန် **(L-G-F)** တပ်စုသည် ၎င်းနှစ်မှာပင် မဆလ ပြည်သူ့စစ်အဖြစ်ပြောင်းလဲသွားပြီး မကြာခင်မှာဘဲ လော့စွမ်ပြည်သူ့စစ် စခန်းထပ်မံတိုးချဲ့ ရာတွင် လော့စွမ်မှ **(L-G-F)** တပ်စုလည်း ပြည်သူ့စစ်ဖြစ်သွားရသည်။ ဟိုမော၊ ဝေ့ငါး၊ မိုင်းယု၊ လွယ်ပေါင်း၊ တုန်ဟုန်၊ နမ့်စန်ကို တိုးချဲ့မဖွင့်လှစ်နိုင်ရန်အတွက် အပြန်အလှန်ဆန့်ကျင်တိုက်ခိုက်တား ဆီးခဲ့ရသည်။ ဗကပနှင့်လဲ အကြိတ်အနယ် မိတ်ဖက်ပဋိပက္ခကြီးစွာဖြင့် ကြီးကြပ်ထိန်းသိမ်းခဲ့ရသည်။

၁၉၈၀–ခုနှစ်၊ ဇန္နဝါရီလ(၁၂)ရက်နေ့ ဟူးမန်းရွာတွင် (၁၇)ကြိမ်မြောက် တော်လှန်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကိုကျင်းပခဲ့သည်။ (၁၈)ရက်နေ့ဟိုမိန်းရွာတွင် ကွယ်လွန်သွားလေပြီး သော ဥက္ကဋ္ဌ–ဗိုလ်မှူးကြီးခန်သောင်းနှင့် ကျဆုံးသွားသော အာဇာနည် ရဲဘော်များအားရည်စူး၍ ဆွမ်းကပ်အလှူဒါနပြုခဲ့သည်။ (၂၃) ရက်နေ့ ဗဟိုကော်မတီဆုံးဖြတ်ချက်အရ

၁။ယိုးဒယားရှိရဲဘော် များအားရုပ်သိမ်းရန်၊

၂။ကချင်ပြည်သို့ လက်နက်သယ်ဆောင်ရန်အတွက် ဗိုလ်ညီလုံအား လူအင်အား (၁၀၀) ကျော်ဖြင့်ရွေးပေးရန်ဆုံးဖြတ်သည်။

(၂၄၊ ၁၊ ၈၀)ရက်နေ့ တပ်ခွဲ(၂)ခွဲ တပ်စိပ်(၈)စိပ် ဖွဲ့စည်းပြီး ဒု–အရာခံဗိုလ် အောင်ဆွေ၊ ဒု–အရာခံဗိုလ် သန်းဝေတို့အား တပ်ခွဲမှူးအဖြစ်ခန့်အပ်ကာ လိုအပ်သည်များပြင်ဆင်ပြီး ၂၆ ရက်နေ့ နမ့်ဒံမ်မှ စတင်ခရီးထွက် ၂၉ ရက်နေ့ တပ်မဟာ(၄)ရှိရာ ပန်နိဝ့်စခန်းရောက်။ လိုအပ်သည်များ တင်ပြညှိနှိုင်းပြီး ၃၀ ရက်နေ့ မိမိနေအိမ် နမ့်ပန်ချောင်း လုံကမ်လယ်တောရောက်။ ဒုတိယသားမှာအသဲအသန်ဖျားနေသည်။ (၁၊ ၂၊ ၈၀) ဗျူဟာ (၂)တပ်ခွဲရုံးသို့ စာရေး၊ စစ်ရေးလုပ်ရှားနေရန်ကိစ္စ၊ အုပ်ချုပ်ရေးနှင့်အကောက်အခွန်ပိုင်းဆိုင်ရာကိစ္စ၊ အမှုတွဲများကို အဆင့်အတန်းအလိုက်ဖြေရှင်း သွားရန်၊ ဗကပ နှင့်တွေ့ဆုံ၍ ၎င်းတို့၏လုပ်ရပ်ကို ကန့်ကွက်ရန်ညွှန်ကြားထားသည်။ ၂ ရက်နေ့ တပ်မဟာ(၄)သို့ ဗျူဟာမှူးနှင့် သွားရောက်တွေ့ဆုံရာ ကချင်ပြည်ရောက်သွားလျှင် ဗျူဟာ(၁+၂) နယ်မြေတွင် ပွင့်လင်းရာသီ၌ ထိန်းသိမ်းရန် အထူးအရေးကြီးလိုအပ်နေ၍ လက်နက်လာသယ်သည့် မိမိတို့ (ရွှေလီစစ်ကြောင်း) အမြန်လွှတ်ပေးပါရန် တင်ပြမှာကြားသည်။ (အကြောင်းမှာ ရွှေဖီရောက် လျှင် ဗျူဟာ(၁)အောက်ပိုင်း တွင် အက်စ်–အက်စ်–အေ ၊ အထက်ပိုင်းမှာ ဗ–က–ပ ဝင်ရောက်မည် ဖြစ်လို့ဖြစ်သည်။)

(၃၊ ၂၊ ၈၀)ရက်နေ့ ပီ–အက်စ်–အယ်လ်–အေကို (ပီ)စစ်ကြောင်း၊ ကေ–အိုင်–အေကို (ကေ) စစ်ကြောင်းဟူ၍ သတ်မှတ်ပြီး ဆက်။ ၄ ရက်နေ့တွင် တွန်ဟုတ်ရွာရောက် ရွှေလီမြစ် ကူတို့ဆိပ်အခြေ အနေလေ့လာ ဖေါင်လုပ်ခိုင်းကာ ၅၊ ၂၊ ၈၀ ရက်နေ့ဖြတ် (ရှောလမ်း)ရောက်။ ၆ရက်နေ့ တပ်ရင်း(၁) ရွှေဂူဆိုင်ရောက် ကချင်ပြည်လွတ်လပ်ရေးတပ်မတော် တော်လှန်ရေးနေ့ အထိမ်းအမှတ် ပွဲ၌ပါဝင်။ ၇ ရက်နေ့ ဗန်းမော်ကားလမ်း အူလန်ပါဖြတ် တွန်ပုန်ဈေးဝင် စခန်းချ။ ၁၀၊ ၂၊ ၈၀ရက်နေ့ နမ့်ငေါန်ရွာ၌ အနားယူ၊ တပ်ရင်း (၁+၂)တို့နှင့် ဘောလုံးကန် နှစ်ပွဲစလုံးကို အနိုင်ရရှိခဲ့သည်။ ၁၂ ရက်နေ့ ပလောင်ကောင်း(ပလောင်ရွာဟောင်း)စခန်းချ။ ၁၃ ရက်နေ့တာခေါ်ခချောင်း ကွမ်းဒီးတံတားဖြတ် တွန်ပုန်ကရုန်ရွာအိပ်၊ ၁၄ရက်နေ့ အွယ်လောချက် ဈေးဝင်ပြီး မင့်ွင်လိပ်ရွာ ဖွန် လွမ် ယန်အိပ် ၁၅ရက်နေ့ ၁၀း၀၀ အချိန် တပ်ရင်း(၃) အရှေ့ပိုင်းတိုင်းဌာနချုပ်စခန်း (နောင်ရာပါ)ရောက်။ ကေ–အိုင်–အေ၊ ဒုစစ်ဦးစီးချုပ်၊ တပ်မဟာ(၃) တပ်မဟာမှူး ဗိုလ်မှူးကြီး ဇော်အိမ်အားသွားရောက်တွေ့ဆုံစာပေးပြီး လူကြီးများမှာကြားသောအကြောင်းအ ရာများကို တင်ပြသည်။ ၁၆ ရက်နေ့ လက်နက် ထုတ်ပေးရာတွင်

၁။ တပ်မဟာ(၄)ကို ၃၂ လက်ထုတ်ပေး ၂၇ လက်လှဲလှယ်ပေးသည်။

၂။ ပီ–အက်စ်–အယ်လ်–အို ကိုလက်နက် (၈၅)လက်၊ လက်ပစ်ဗုံး (၆၀)လုံး ထောက်ပံ့ ကူညီခဲ့သည်။

၁၇၊ ၂၊ ၈၀ ရက်နေ့တွင် ခရီးပန်းခဲ့သော်လည်း နောက်တန်းမှာအရေးကြီးပါသဖြင့် တပ်မဟာ (၃)မှ စတင်တပ်ခေါက်ခဲ့ရာ



တွင် ကေ–အိုင်–အို ဗဟိုမှ ဗိုလ်ကြီးနော်ဆိုင် ဦးဆောင်သော ဝါဒဖြန့်ချိရေး အဖွဲ့ ပါဝင်အတူဆင်း အွယ်လောချက်စခန်းချ။ ၂၀ရက်နေ့ တပ်ရင်(၁) ရောက် ရန်သူသတင်းရ၍ ထိုးစစ်ဆင်ရန် ပြင်ဆင်နေကြောင်းသိရှိရ။ ၂၁ ရက်နေ့လွယ်ကျယ်ဈေးနေ့တွင် ဈေးဝယ် ၂၂ရက်နေ့ ခရီးပန်းလွန်း၍ အနားယူခွင့်ပြုခဲ့ရသည်။ ၂၃ရက်နေ့ မိုင်စပ်မှ တိန်ဂါ၊ လူ့ခွေ၊ ကိုင်တော်ဖြတ် တွန်ပုတ် စခန်းချ။ ၂၄ ရက်နေ့ လခုမ်းပုန်းနေစခန်းချနေခိုက် ရန်သူစစ်ကြောင်းများ – ကောင်းမူးယန်၊ လွယ်ကော်၊ မန်ခုမ်း၊ မန်ဝိန်း၊ အင်ထန်ကောင်းရွာများ၌ စစ်ကြောင်းခွဲထိုးစစ်ဆင်ပိတ်ဆို့ကြောင်း သိရှိရပြီး နောက် ဒုအရာခံဗိုလ်–လဗျယော် ဦးဆောင်အဖွဲ့ အားပြောက်ကျားတိုက်ရန် စေလွှတ်သွား ရာ မန်ဝိန်းမြေပြန့်မှာ သွားကြသည်။ ၂၅ ရက်နေ့ မိမိတို့အဖွဲ့စွန့်စား၍ အင်တန်ကောင်း တောဖြတ် မင့်ွအုလုရွာတွင်လည်း စစ်ကြောင်းရှိနေ၍ မော်ဆွေချောင်းအတိုင်း လိုက်ပန်ကော်ရွာ နေ့လည်စာချက် စားပြီး မွန်းလွဲ (၀၃း၀၀)နာရီ မိုးသည်းထန်စွာရွာနေခိုက် ခရုန်းရွာဆက် အူလန်ပါ+မကောက်မြေပြန့် တောတွင် မိုးကြီးလွန်း၍ ခရီးဆက်ရန်မဖြစ်တော့ ဖြစ်သလိုအိပ်နားကြရန် ၀၇း၀၀ အချိန် အမိန့်ပေး လိုက်ရသည်။

ရန်သူသည် ရွှေလီမြစ်အတိုင်း အင်အား ၅၀၀ ကျော်စောင့်ဆိုးရင်း ထိုးစစ်ဆင်ကြောင်း သတင်းရရှိပြီးဖြစ်၍ မိမိတို့မှာ ထွက်ပေါက်သာ စွန့်စားရန်သူဖြစ်တော့ ၂၆ ရက်နေ့ မင့်ွအုလု၊ ပါကျိဝ်အော်၊ အင်လွမ်၊ ပန်ခဲ့မ်၊ လွယ်ခမ်းရွာ ပြန်လှည့်စခန်းချ။ ၂၇ ရက်နေ့ နံနက် ၀၉း၀၀ နာရီထွက် ၁၀း၃၀ နာရီ မန်စပ်ရွာဟောင်းလှည့် ၁၂း၀၀နာရီအချိန်တွင် ပါဖန်ရောက် ညနေ စက–ကလေးရွာ ရောက် ရှေ့လဲရန်သူစောင့်နေ နောက်လဲရန်သူလိုက်နေ အဆုံးမှာ (၈) စိပ်ဖြင့် ကင်းပုံးဝပ်တိုက်ရန် ဆုံးဖြတ်လိုက်ရတော့သည်။ ရန်သူတိုးမလာ ၂၈ ရက်နေ့ နံနက် လူစုအချိုးခွဲရာ ၁၀း၅၀ နာရီ အချိန် တွင် ဒုအရာခံဗိုလ် သန်းဝေနှင့် ဒုအရာခံဗိုလ် အောင်ဆွေ အဖွဲ့နှင့် (ပန်ဖန်)ရွာထိပ်တွင် တိုက်ပွဲစဖြစ်၊ ဦးစီးအဖွဲ့ နမ့်ငေါန်၌ တိုက်ပွဲဖြစ်သည့်နောက် နမ့်မွေးချောင်းလိုက် လွယ်ဆိုင်ဦးတည်ဟန်

ဆောင်ပြီး ခြေရာဖြောက် စက–ကလေးလယ်ကွက်ပြန်ခေါက်လာ ရွှေဂူခရိုင်မှူး–ဗိုလ်မှူးဆင်ဖါနှင့်တွေ့ဆုံပြီး ဒုဗိုလ်–ဂံဆိုင်းအဖွဲ့အား ရွာသို့သတင်းထောက်ရန် စေလွှတ်ခဲ့ရာ ရန်သူက လွယ်ဆောင်း၊ ပန်ခါး ရောက်ကြောင်းသတင်း ရရှိသည်။ ၎င်းညကြီးမှာ ဗကပ – ရှမ်းပြည်မြောက်ပိုင်းခရိုင်မှူး – ဦးခွန်နော် အဖွဲ့နှင့် ပက်ပန်းတိုးခဲ့ သော်လည်း တိုက်ပွဲမဖြစ်လိုက်ကြပေ။ ရန်သူညပ်ပူး ညပ်ပိတ်ဝိုင်းထားရာမှ ထွက်နိုင်အောင်ညှိနှိုင်း ကြသည်။ အခက်အခဲကြုံရခြင်းမှာ ကျည်ဆံသယ်မသွားဘဲ လက်နက်သာ



သွားသယ်ရသဖြင့် တိုက်ရန် အခြေအနေမပေးဘဲ ရှောင်တိမ်းရန်သာဖြစ်သည်။ နံနက်စောစော ၀၃း၀၀ နာရီထွက် ညနေ ၀၃း၃၀ နာရီအချိန် ယာမာရွာ၌ ပက်ပင်းတိုးတိုက်ပွဲဖြစ်၍ နမ့်လာပါ ပြန်ဆုတ်။ ၁၊ ၄၊ ၈၀ နံနက် ၀၁း၀၀ နာရီ အချိန် နမ့်ပါလမ်ရွာရောက် ညနေ ၀၃း၀၀ နာရီဆက်။ ၁၊ ၅၊ ၈၀နံနက်လင်း မြေပြန်ဖြတ် ၀၇း၀၀ နာရီ အချိန် နမ့်ဖြဲချောင်း နံနက်စာချက်စား ၀၉း၀၀ နာရီပြန်ဆက် ၁၀း၃၀ နာရီ ပန်ကူရွာရောက် ရန်သူ(ယာမာ) ဘိန်းခြံ၌ရှိနေတာ လှမ်းမြင်သည်။ ညနေပိုင်း မန်ကောဝ်ကောင်းရွာ၌ ညစာချက် စားသည်။

၂၊ ၃၊ ၈၀ ဗကပ များ၏ မြင်းလားများပါပြီး ဦးခွန်နော် ခရိုင်မှူး ဆင်ဖါးနော်အဖွဲ့နှင့် လမ်းခွဲခဲ့ပြီးနောက် ရန်သူ လွယ်လိတ်၊ ဖါကာကောင်း၊ ယာမာရွာများနှင့် ကေ–အိုင်–အေ ဆန်ဂိုဒေါင် ၁–ပါ မီးရှို့လိုက်သည်။ ၃၊ ၃၊ ၈၀ ရက်နေ့တွင် ရန်သူ နမ့်လင်းမြေပြန့်၊ ကြေခမ်းဖက်ဆင်းသွားကြောင် သတင်းပို့သည်။ ၄၊ ၃၊ ၈၀ ရွှေလီခရိုင်၊ ရွှေလီမြစ်တလျှောက်စောင့်သော ရန်သူအချို့ ဆုတ်ခွာကြပြီ ဖြစ်ကြောင်း သတင်းရရှိ၍ ၅၊ ၃၊ ၈၀ ရက်နေ့တွင် မန်ကောဝ်မှ ပါပန်၊ စက–ကလေးပြန်ရောက် ဒုအရာခံဗိုလ် လဗျယောက် ဦးဆောင်စေပြီး ပန်ယုတ်ရွာဖြတ် သတင်းလွှင့်ရန်စေလွှတ်သွားသည်။ ၆၊ ၃၊ ၈၀ ရက်နေ့ထွက် လွယ်ဆိုင်ဖြတ် တွန်းဟုန်း ကချင်ရွာ ဟောင်းအိပ် ၇၊ ၃၊ ၈၀ နံနက် တွန်ဟုန်းမှ ရွှေလီမြစ်ဖြတ် စန့်တောဝ်ရွာအိပ် ရန်သူ မိုင်းဝီး၊ နမ့်ခမ်း၊ မန်တုံ၊ မိုင်းမော်ဖက် ဆုတ်သွားပြီ ဖြစ်ကြောင်း သတင်းရရှိသည်။ ၈၊ ၃၊ ၈၀ ရက်နေ့ ကျမ်းကား၊ တာကုအိပ်၊ ၉၊ ၃၊ ၈၀ ရက်နေ့ ဒုဗိုလ်–ဂံဆိုင်းအား ဗဟိုဝါဒဖြန့်ချိရေးအဖွဲ့ကို တပ်မဟာ(၄) သို့သွားပို့ရန် စေလွှတ်သွားပြီး မိမိတို့ နားအော်လေးဖြတ် နမ့်ကျိုး၊ လွယ်ခမ်း၊ ဟိုတုန်ရွာအိပ်၊ ရန်သူ မန်မောက်တန်တီးရွာ၌ ရှိကြောင်း သတင်းရရှိသည်။

၁၀၊ ၃၊ ၈၀ ရက်နေ့ ဟိုတုန်ရွာမှ ပန်လာလား၊ နမ့်အိုင်၊ ကောင်းပိုက်၊ မန်ပတ်ဖြတ် နမ့်ကုန်ချောင်း စခန်းချ။ ၁၁၊ ၃၊ ၈၀ ရက်နေ့ ဟိုလောဝ်း နံနက်စာစားပြီး ညနေပိုင်းတွင် ဟိုမိန်းရွာ ရောက် ဗဟိုဌာနချုပ်မှ အရာရှိအကြပ်ရဲဘော်များ ကြိုဆိုအခမ်းအနားပြုလုပ်ခဲ့ပါသည်။ (ကေ–အိုင်–အေ ခရီးဆုံး) ၁၉၇၇–ခုနှစ်၊ မတ်ချ်လမှာ ယိုးဒယား၌ လက်နက်သွားသယ်လာသော ဗိုလ်အိုက်လိတ် ဦးဆောင်အဖွဲ့တို့လည်း ၈ရက်နေ့ရောက်ကြောင်း ဆုံတွေ့ရသည်။ ဤသို့အရှည်တဝင့် မှတ်တမ်းရေးသားရခြင်းမှာ တပ်မတော်တောင့်တင်းရေးအတွက် လက်နက် ခဲယမ်းမီးကျောက် ရှာဖွေစုဆောင်းရာတွင် သေရေးရှင်ရေးဖြင့်စွန့်စားခဲ့ရသည်။ အထူးသဖြင့် ၁၉၆၆–ခုနှစ်၊ ၁၉၇၂၊ ၁၉၇၃၊ ၁၉၈၉ – အကြိမ်ကြိမ် ယိုးဒယားပြည်သို့ သွားရသည့် အရာရှိ အကြပ်တပ်သားများသည် အသက်နှင့်ရင်းပြီး စွန့်စွန့်စားစားသွားရောက် သယ်ဆောင်ခဲ့ရသည်။ လက်နက်နှင့်ခဲယမ်းမီးကျောက် ကို ဂရုတစိုက်တန်ဖိုးထားရမည်ဖြစ်ကြောင်း ဖော်ပြအပ်သည်။၁၉၈၀–ခုနှစ်၊ မတ်ချ်လ၊ ၁၉ရက်နေ့ မန်မောက်ကချင်ရွာဖက်မှ ချီတက်လာသော ဦးကြည်မြင့် တပ်မဟာ(၁) တပ်မဟာမှူး (ဗကပ)တို့ ဟိုမိန်းရွာသို့ ဝင်ရောက်လာမည့်အကြောင်း သတင်းလာပို့ ခိုင်းရင်း စစ်ကြောင်းပါလိုက်လာခဲ့သည်။

နောက်လတွင် ဆက်လက်ကြည့်ရှုရန်

# ကျန်းမာရေး

## "လည်ချောင်းနာခြင်း"



လည်ချောင်းက သိပ်နာတယ်၊ ချောင်းဆိုးရင် အသံကြီးက တစ်မျိုးကြီး" လို့ ကလေးတွေပြီးညည်းညူနေကြတာကို လူကြီးတွေမကြာခဏ ကြားဖူးမှာပါ။ အထူးသဖြင့် မိုးအကုန် ဆောင်းအကူး ရာသီအပြောင်းအလဲမှာဖြစ်လေ့ရှိပါတယ်။ ရာသီက အအေးဘက် လှလာတော့ ပူသလိုအေးသလိုနဲ့ အိပ်ပျော်သွားရာက တစ်ရေးနိုးတော့ အအေးမိနေပါပြီ။ လည်ချောင်းနာပြီး ချောင်းဆိုးရင်တောင် အသံဝင်နေပြီဆိုတာမျိုး ကြုံခဲ့ဖူးကြမှာပါ။

လည်ချောင်း ခြောက်သွေ့ပြီး အက်ကွဲနေသလို တင်းနေတဲ့ ဝေဒနာ ခံစားရတတ်ပါတယ်။ အဲဒီ ခက္ခဏာဟာ အအေးမိပြီဆိုတဲ့ ပထမဦးဆုံး လက္ခဏာပါ။ တုပ်ကွေးမိတာပဲဖြစ်ဖြစ်၊ အာသီး ရောင်ရမ်းတာပဲဖြစ်ဖြစ်ဒီရောဂါလက္ခဏာ ခံစားကြရပါတယ်။ ဒါဟာ ဗိုင်းရပ်စ်ပိုးကြောင့်သော်လည်းကောင်း၊ ဗက်တီးရီး ယားပိုးကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပါတယ်။

အာသီးရောင်ရမ်းခြင်းနှင့် အခြားကူးစက်ရောဂါများ ဖြစ်ပေါ်စေတဲ့ အချက်တစ်ချက်ကတော့ ကျန်းမာရေးနဲ့ မညီညွတ်တဲ့ အစားအစာမျိုးလဲဆိုတော့ ဖြူဖွေးနေအောင် ပြုပြင်ထားတဲ့ ကစီဓါတ်မြင့်မားတဲ့အစားအစာတွေ ဥပမာ–ကိတ်မုန့် နူးနူးညံ့ညံ့လေးများ၊ ဘီစကစ်များနှင့် စားပွဲတင် သကြားတို့မှာ လူ့ခန္ဓာကိုယ်ရဲ့ သဘာဝခုခံအားစနစ်အတွက် အရေးပါတဲ့ အာဟာရဓါတ်များပါဝင်မှု နည်းပါးပါတယ်။ အကြောင့် ကလေ့ရော လူရွယ်လူကြီးနေမှာပါ အဲဒီ အစားအစာမျိုးတွေ များများစားလေလေ ခုခံအားစနစ် နည်းပါးပြီး ကူးစက်ရောဂါပိုးတွေ ဝင်ရောက်ခံရလေလေ ဖြစ်ပါတယ်။ ဒါ့အပြင် မောပန်းနွမ်းနယ်ခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အရက်နှင့်ဆေးလိပ်သောက်ခြင်းတို့ပါ ရှိနေတတ်တဲ့ လူကြီးနဲ့ အရွယ်ရောက်သူတွေမှာကူးစက်ရောဂါကို ခုခံကာကွယ်ပေးမယ့် ခန္ဓာကိုယ်ခုခံအားစနစ် နည်းပါးကုဆင်းနေတတ်ပါတယ်။



လူ့ခန္ဓာကိုယ်တွင်းမှာ ခုခံအားစနစ် ပိုကောင်းမွန်စေရန်နှင့် ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ခုခံအားစနစ်ကို ထိန်သိမ်းထားနိုင်ရန်အတွက် အရေးကြီးပါတယ်။ ထိုသို့သော အခြေအနေကို ရရှိရန် ဘာတွေ လိုအပ်ပါသလဲ။ အဲဒါကတော့ လုံလောက်တဲ့ ဗီတာမင်ဓါတ်တွေ ရရှိဖို့ လိုအပ်ပါတယ်။ အဲဒါတွေကတော့ဗီတာမင် A၊ ဗီတာမင် C၊ တို့ဖြစ်ပါတယ်။

ဗီတာမင် E ကို လုံလောက်စွာရရှိစေရန် နေကြာစေ့၊ သီဟိုဠ်စေ့၊ သစ်ကြားစေ့၊ သံလွင်ဆီ၊ မြေပဲဆန်၊ အစေ့အဆန်များနှင့် ထောပတ်သီးတို့ကို စားပေးရပါမယ်။

ဗီတာမင် D ကိုတော့ နေရောင်ခြည်နှင့် ထိတွေ့ရာမှ ရရှိပါတယ်။ ဒီ့ပြင် အဆီထုပင်လယ်ငါးများ စားခြင်းဖြင့် ရရှိစေပါတယ်။ ဗီတာမင် C ဓါတ် ချို့တဲ့ပါက ကူးစက်ရောဂါများ ဖြစ်ပွားလွယ်ပါတယ်။ ဗီတာမင် C အကောင်းဆုံးရရှိနိုင်တဲ့ အစားအစာ အရင်း

အမြစ်ကတော့ ရှောက်သီး၊ သံပရာသီး၊ လိမ္မော်သီး၊ ဆီးဖြူသီး၊ ကင်ပွန်းချဉ်ရွက်၊ ကီဝီသီး၊ မာလကာသီး၊ စတော်ဘယ်ရီသီး၊ မှို၊ဥတို၊ သခွားသီး စသည့် အချဉ်ဓါတ်ပါသော အစားအစာများ ဖြစ်ပါတယ်။

ဗီတာမင် A ကိုတော့ အရောင်တောက်ပတဲ့ အသီးအရွက်များအား လုံးမှရရှိနိုင်ပါတယ်။ ဉပမာ မုန်လာဉနီ၊ သဘော်သီး မှည့်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ သခွားမွှေးသီး၊ ဆီးသီးတို့ဖြစ်ပါတယ်။ ဗီတာမင် A မှာ ဘီတာကာရိုတင်းဆိုတဲ့ ဓါတ်ပါရှိတဲ့အတွက် အသက်ရှူလမ်းကြောင်းတစ်လျှောက်ရှိ ချွဲအမြှေးများကို အထူး အလေးပေးကာကွယ်ပေးပါတယ်။ ဒီ့ပြင် အသည်း၊ နွားနို့နဲ့ သအမျိုးမျိုးမှာ ဗီတာမင် A ဓါတ် ကြွယ်ဝပါတယ်။



ဒ့ါအပြင် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်လာတဲ့ ပြင်ပပိုးများကို တိုက်ထုတ်ပေနိုင်မယ့် ပဋိပစ္စည်းများ ထွက်ရှိလာစေရန် အစားအစာများမှရရှိတဲ့ သံဓါတ်လိုအပ်ပါတယ်။ သံဓါတ်ကို အနီရောင်အသားများ၊ အသည်း၊ နမ်းစေ့၊ ဟင်းနုနယ်ရွက်နှင့် ပေါင်မုန့်ကြမ်းစားခြင်ဖြင့် ရရှိနိုင်ပါတယ်။

လည်ချောင်းနာသက်သာစေရန် ရေနွေးပူပူလေးထဲမှာဆား တစ်ဖွန်းခတ်ပြီး အဲဒီရေကို အာခေါင်ထဲအထိရောက်အောင် ပလုတ်ကျင်းပေးရပါတယ်။ သို့မှသာ လည်ချောင်းနာသက်သာပါတယ်။ လည်ချောင်းနှင့် အသက်ရှူလမ်းကြောင်းအထက်ပိုင်းရှိချွဲမြှေးရောင်ရမ်းမှု သက်သာစေရန် သစ်သီးဖျော်ရည်များဖြစ်တဲ့ လိမ္မော်သီးဖျော်ရည်၊ သံပရာသီးဖျော်ရည်တို့ သောက်ပါကပိုမိုကောင်းမွန်ပြီးဗီတာမင် C ဓါတ်ပိုရရှိစေပါတယ်။ အကောင်းဆုံးကတော့ ပျားရည်ကို သံပရာသီးညှစ်ပြီး သောက်ပေးခြင်း ဖြစ်ပါတယ်။

အဲဒါနဲ့မှ မသက်သာဘဲ ပိုဆိုးလာမယ်ဆိုရင်တော့ ဆရာဝန်နှင့် ပြရန်လိုပါပြီ။

Burmese classic website မှ

**"ကွဲနီတအာင်း"** အွန်လိုင်းစာစောင်သည် တအာင်းကျောင်းသားနှင့် လူငယ်များအစည်း အရုံး၏ သတင်းနှင့်ပြန်ကြားရေးဌာနမှ ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤစာစောင်တွင် အဓိကအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း မိမိတို့ဒေသရှိ လူ့အခွင့်အရေးချိုး ဖောက်မှုသတင်းများ၊ တအာင်းလူငယ် များ၏လှုပ်ရှားမှုများ၊ လူငယ်တို့၏ အမြင်နှင့်ရင်ဖွင့်သံ ဆောင်ပါးများနှင့် ကဗျာများအား သိရှိစေရန် အတွက် ထုတ်ဝေခြင်းဖြစ်ပါသည်။

## ကဗျာများ

### “တအာင်းဟူသည်မှာ”

ယခင်ခေါ်ဆို ပလောင်ကို
တအာင်း (Ta’ang) ဟုသာ ခေါ်ကြပါ
တအာင်းသာလျှင် တို့ချစ်ခင်
ပလောင်ဟု သုံး လွဲမှားတုန်း

ချစ်ခင်လေးစား အတွေးများ
မမှားအပ်ရန် အကြံပြုပြန်
တို့တအာင်းကို ပလောင် ခေါ်ဆို
ထပ်ကာလောင်းကာ ရွှေ ငွေ တပ်ကြ
ဤအခေါ်မှာ မှားလှပေစွ

မမှားအပ်ရန် ရှင်းလိုပြန်
တို့ တအာင်းတွင် ရွှေ ငွေ မခွဲ
တောင်ပေါ်မြောက်မရှိ ပကတိမှာ
တအာင်း (ပလောင်) တခုသာရှိ

တို့တအာင်းအား
ချစ်ချစ်ခင်ခင် သွေးစည်းညီညွတ်
ရှိသည်ကိုပင် မလိုစော်ကား
စစ်ဘီးလူးမှ သွေးကွဲစေရန်
ကြံဖန်တင်စား မြောက်စားသည်မှာ
ဗကာက်ကျစ်အကြံ ရှိနေသောကြောင့်
ချစ်သော ညီအစ်ကို မောင်နှမများ
မပါစေရန် ထပ်ကာတလဲ အသိပေးကာ
ပလောင်ကိုချစ်လျှင် တအာင်းဟု သာခေါ်စေချင်

မိုင်းယိုဝ့်ခြိုဝ်း




ဧရာဝတီ

# Ta'ang Students and Youth Organization (TSYO)

**P.O Box (191)**
**Mae Sot, Tak Province**
**Thailand, 63110**

**Tel, 055 533 324**

**Eamil,taangnewsletter@palaungland.org**
**www.palaungland.org**